# ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၆။]

## နိဒါန်း။

၁။ ။တော်လှန်ရေးကောင်စီသည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ချမှတ်၍ ဆိုရှယ်လစ်စနစ်သို့ ချီတက်လျက်ရှိသည်။

၂။ ။ယင်းသို့ချီတက်ရာတွင် တိုင်းပြည်၏လူများစုဖြစ်သော တောင်သူလယ်သမားနှင့် အလုပ်သမားထု၏ စည်းရုံးရေးအင်အားကို အဓိကအားဖြင့် အခြေပြုထားသည်။

၃။ ။ဤသို့အခြေပြုထားရာ၌ အလုပ်လုပ်နိုင်သောလူတိုင်း မိမိလုပ်နိုင်သော အလုပ်များကိုလုပ်ကြ၍၊ ဖြစ်ထွန်းလာသော အကျိုးစီးပွါးများကို အလုပ်လုပ်သော လူတိုင်းသည်၊ မိမိ၏ကာယ၊ ဉာဏ၊ ဝိရိယစွမ်းအားအလိုက်ခံစားစေရမည်ဟု ပြဋ္ဌာန်းထားသည်။

ဤသို့ပြောင်းလဲဒီတက်ရာတွင်—

(၁) ကုန်ထုတ်အရင်းအနှီးများ၊ ကုန်ထုတ် ကိရိယာများသည်၊ လုပ်သားပြည်သူများပါဝင်သော ပြည်သူလူထု တရပ်လုံးသာ ပိုင်ဆိုင်သည့်စံနစ်သို့ ရွေ့ရှုနေသည်။

(၂) ပြည်သူ့အလုပ်သမားတို့အား ခေါင်းပုံဖြတ်မှုအမျိုးမျိုး လုံးဝပျောက်ကွယ်သွားသည့်အခြေအနေသို့ ရွေ့ရှုနေစေသည်။

(၃) ပြည်သူတရပ်လုံးက ထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်သူတရပ်လုံးက ဆိုရှယ်လစ်စီမံကိန်းအရ၊ လက်ငင်းစားသုံးရန်အတွက်သော်၎င်း၊ ရင်းနှီးမြှုပ်နှံရန် အတွက်သော်၎င်း၊ ကလေးသူငယ်နှင့် သက်အိုများအတွက် ရာထားရန်သော်၎င်း၊ ပြည်သူတရပ်လုံး၏ ကာယအား၊ ဉာဏအားတိုးတက်စေရန်အတွက်သော်၎င်း၊ ခွဲဝေသုံးစွဲသွားကြရန်ဖြစ်သည်။

သို့ဖြစ်ရာ—

(၁) ပြည်သူ့အလုပ်သမားတို့သည်၊ အရာရာတွင် ဆိုရှယ်လစ်သဘောနှင့် ကိုက်ညီသော အမြင်သစ်ဖြင့် လုပ်ကိုင် ဆောင်ရွက်ရန်လိုအပ်လာသည်။

(၂) ကြားကာလတွင် ကျန်ရှိနေသေးသည့် အရင်းရှင်များနှင့် ဆက်ဆံရာတွင် ပေါ်လစီသစ်ဖြင့် ပြောင်းလဲရန်လိုသည်။

(၃) ပြည်သူ့အလုပ်သမားတို့နှင့် ပတ်သက်သည့် တည်ဆဲ ဥပဒေများကို ပြင်ဆင်သတ်မှတ်ရန်လိုသည်။

(၄) ဟည်ဆဲဥပဒေကိုကြီးမှူးလုပ်ကိုင်သည့် ယန္တရားများကိုလည်း ပြင်ဆင်ရန်လိုသည်။

အထက်ပါအကြောင်းများကြောင့်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### စကားချီး။

၁။ ။ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေဟုခေါ်တွင်စေရမည်။

**အမည်။**

၂။ ။ဤဥပဒေသည်၊ပြည်ထောင်စု မြန်မာနိုင်ငံတဝှမ်းလုံးနှင့်သက်ဆိုင်စေရမည်

**အာဏာတည်ရာ နယ်အဝှမ်း။**

၃။ ။ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

**အာဏာတည်သည့်နေ့။**

၄။ ။ဤဥပဒေတွင်စာလုံးများ၏အဓိပ္ပါယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**အဓိပ္ပါယ် ဖေါ်ပြချက်များ။**

(က) **''အလုပ်သမား''** ဆိုသည်မှာ မိမိ၏ကာယအား၊ ဥာဏအားကို အသုံးပြု၍ လုပ်ကိုင်၍ရရှိသောလုပ်ခဖြင့်အသက်မွေးဝမ်းကျောင်းမှု ပြုနေရသူကိုဆိုသည်။

(ခ) **''အလုပ်ရှင်''** ဆိုသည်မှာ အလုပ်သမားကို လုပ်ခပေးရန်တာဝန်ရှိသူကိုဆိုသည်။

**ရှင်းလင်းချက် (၁)။** ။ပြည်သူပိုင်လုပ်ငန်းများ——

က။ ပြည်သူပိုင်လုပ်ငန်းများကို ပြည်သူတရပ်လုံးကပိုင်ဆိုင်သည်။

ခ။ တော်လှန်ရေးကောင်စီသည် ဆိုရှယ်လစ်စီးပွါးရေးစီမံကိန်းအရမည်သည့် လုပ်ငန်းများကို ထူထောင်ရမည်၊ မည်သည့်ကုန်ပစ္စည်းများကို မည်မျှထုတ်လုပ်ရမည်၊ မည်သည့်ထုတ်လုပ်သည့်ပစ္စည်းများထဲမှ မည်မျှကိုစားသုံး၍ မည်မျှကို အရင်းအဖြစ် ပြန်လည်မြှုပ်နှံရမည်၊ အလုပ်သမားတို့ မည်သည့်ရပိုင်ခွင့်များ ရ႐ှိရမည် စသည်တို့ကို ဆုံးဖြတ်မည်။

ဂ။ အစိုးရသည် ပြည်သူပိုင်လုပ်ငန်းများကို ဖေါ်ထုတ်သုံစွဲကိုင်သည်၊ ကြပ်မတ်အုပ်ချုပ်သည်၊ အလုပ်သမားများ၏ရပိုင်ခွင့်များ ရရှိသည်၊ မရရှိသည်ကို ကြပ်မတ်ကြည့်ရှုသည်။

ဃ။ ပြည်သူပိုင် လုပ်ငန်းများကို အုပ်ချုပ်သည့် နိုင်ငံ့ဝန်ထမ်းများသည် အစိုးရကိုယ်စား လုပ်ငန်းများကို နေ့စဉ်နှင့်အမြဲအုပ်ချုပ်ရသည်။ ဆိုရှယ်လစ် စီးပွါးရေးစီမံကိန်းအတိုင်း အပြည့်အဝ ကုန်ထုတ်လုပ်နိုင်ရန် အလုပ်သမားများနှင့်တိုင်ပင်၍ ဆောင်ရွက်ရသည်။ အလုပ်သမားများကို ရပိုင်ခွင့်များကို ရရှိအောင် ဆောင်ရွက်ပေးရသည်။ နေ့စဉ်နှင့်အမြဲ ဖြစ်ပေါ်သော အလုပ်သမားများ၏ ပြဿနာများကို အလုပ်သမားနှင့်ညှိနှိုင်း၍သော်၎င်း၊ ကူညီ၍ သော်၎င်း ဖြေရှင်းပေးရသည်။

**ရှင်းလင်းချက်(၂)။ ။သမဝါယမပိုင်လုပ်ငန်းများ——**

က။ သမဝါယမပိုင်လုပ်ငန်းများကို သမဝါယမ အသင်းဝင်များက ပိုင်ဆိုင်သည်။

ခ။ သမဝါယမအသင်း၏ အမှုဆောင်အဖွဲ့သည် အသင်း၏ ကိုယ်စား လုပ်ငန်းများကို ကြပ်မတ်အုပ်ချုပ် လုပ်ကိုင်သည်။ အလုပ်သမားများ၏ရပိုင်ခွင့်များ ရရှိသည်၊ မရရှိသည်ကို ကြပ်မတ်ကြည့်ရှုသည်။

ဂ။ သမဝါယမအသင်း၏ အမှုဆောင်အဖွဲ့က တာဝန်လွှဲ၍ လုပ်ငန်းကို အုပ်ချုပ်သူသည် နေ့စဉ်နှင့်အမြဲ လုပ်ငန်းကို အုပ်ချုပ်ရသည်။ ကုန်ပစ္စည်းများကို အလုပ်သမားများနှင့် တိုင်ပင်၍ ထုတ်လုပ်ရသည်။ အလုပ်သမားများ၏ ရပိုင်ခွင့်များကို ရရှိအောင် ဆောင်ရွက်ပေးရသည်။ နေ့စဉ်နှင့်အမြဲ ဖြစ်ပေါ်သော အလုပ်သမားများ၏ ပြဿနာများကို အလုပ်သမားများနှင့် ညှိနှိုင်း၍သော်၎င်း၊ ကူညီ၍သော်၎င်း ဖြေရှင်းပေးရသည်။

**ရှင်းလင်းချက်(၃)။ ။ပုဂ္ဂလိကပိုင်လုပ်ငန်းများ——**

က။ ပုဂ္ဂလိကပိုင် လုပ်ငန်းများကို သက်ဆိုင်ရာ ပိုင်ရှင်များက ပိုင်ဆိုင်သည်။

ခ။ ပိုင်ရှင်များသည်သော်၎င်း၊ ပိုင်ရှင်များက ခန့်ထားသည့် မန်နေဂျာ၊ သို့မဟုတ် အုပ်ချုပ်သူများသည်သော်၎င်း လုပ်ငန်းများကို နေ့စဉ်နှင့်အမြဲအုပ်ချုပ်ရသည်။ ကုန်ပစ္စည်းများကို အလုပ်သမားများနှင့် တိုင်ပင်၍ ထုတ်လုပ်ရသည်။ အလုပ်သမားများ၏ ရပိုင်ခွင့်ကိုပေးရသည်။ နေ့စဉ်နှင့်အမြဲ ဖြစ်ပေါ်သော အလုပ်သမားများ၏ ပြဿနာများကို အလုပ်သမားများနှင့် ညှိနှိုင်း၍ သော်၎င်း၊ ကူညီ၍သော်၎င်း ဖြေရှင်းပေးရမည်။

(ဂ) **"လုပ်ခ"** ဆိုသည်မှာ၊ အလုပ်သမားများ၏ ကာယအား၊ ဉာဏအားကို စိုက်ထုတ်လုပ်ကိုင်ရသည့်အတွက် ရရှိသောအခကြေးငွေကိုဆိုလိုသည်၊ထိုစကားရပ်တွင်အောက်ပါတို့မပါဝင်ချေ။

(၁) အလုပ်ရှင်ကပေးရသည့်သက်သာချောင်ချိရေး၊ကျန်းမာရေးစသည်တို့အတွက် အကျိုးကျေးဇူးများ၊ဥပမာ—သောက်ရေတန်ဘိုး၊ မတော်တဆဖြစ်ပွါးသည့်အတွက် ချက်ခြင်းအပရိကထည့်သည့်ဆေးဝါးတန်ဘိုး။

(၂) အစိုးရကပေးရသည့် လူမှုရေးအတွက် အကျိုးကျေးဇူးများ၊ ဥပမာ—ဆေးရုံအတွက်တန်ဘိုး၊ ကျောင်းများအတွက်တန်ဘိုး။

(၃) ရှားပါးစရိတ်၊ ခရီးစရိတ်စသည့်အထူးစရိတ်စကများ။

# အခန်း ၂။

## ပြည်သူ့အလုပ်သမားများ၏ရပိုင်ခွင့်နှင့် တာဝန်များ။

**ပြည်သူ့ အလုပ်သမားများ ရပိုင်ခွင့်။**

၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံတွင်ဆိုရှယ်လစ်စံနစ်ကိုတည်ဆောက်ရာ၌၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝှမ်းလုံးတွင် ထုတ်လုပ်သော ကုန်ပစ္စည်းများထဲမှမည်မျှကို လက်ငင်းစားသုံးမည်၊ မည်မျှကို ရင်းနှီးမြှုပ်နှံရန်အတွက် အသုံးပြုမည်၊ မည်မျှကိုကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအတွက်သုံးစွဲမည်၊ မည်မျှကိုပြည်သူတရပ်လုံး၏ကာယအား၊ ဉာဏအားနှင့် နေထိုင်စားသောက်မှုတိုးတက်ရေးအတွက် သုံးစွဲမည်ဟု ခွဲဝေရာထားရသည်ဖြစ်ရာ၊ ဆိုရှယ်လစ်စံနစ်တည်ဆောက်မှုတိုးတက်သည်နှင့်အမျှသာလျှင်၊ အလုပ်သမားများ၏ရပိုင်ခွင့်များသည် တိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထိုသို့သော အခြေခံဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်များနှင့်ပတ်သက်၍ အနည်းဆုံး အာမခံချက်များကို အခါအားလျော်စွာအစိုးရက နည်းဥပဒေများပြုလုပ်၍ ပြဋ္ဌာန်းပေးရမည်။ ယင်းပြဋ္ဌာန်းချက်များသည်၊ နိုင်ငံပိုင်လုပ်ငန်းများတွင်ဖြစ်စေ၊ သမဝါယမပိုင် လုပ်ငန်းများတွင်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင်ဖြစ်စေ အားလုံးတသားတည်း အာဏာတည်စေရမည်။ ယင်းပြဋ္ဌာန်းချက်များတွင်အခြားအချက်အလက်များအပြင် အောက်ပါတို့အားအထူးပြု၍ဖော်ပြရမည်။

(၁) အလုပ်လုပ်ပိုင်ခွင့်။

(က) လူကြီးများလုပ်ပိုင်ခွင့်။

(ခ) ကလေးများလုပ်ပိုင်ခွင့်။

(ဂ) အမျိုးသမီးများလုပ်ပိုင်ခွင့်။

(၂) လုပ်ခွင်တည်မြဲပိုင်ခွင့်။

(၃) အားလပ်ချိန်ရပိုင်ခွင့်။

(က) လုပ်ချိန်ကန့်သတ်ရေး။
(ခ) ခွင့်ရက်ကန့်သတ်ရေး။
(ဂ) အလုပ်ပိတ်ရက်ကန့်သတ်ရေး။

(၄) ပညာသင်ပိုင်ခွင့်။

(က) အလုပ်သမားတိုင်း ပညာတိုးပွါးရပိုင်ခွင့်။
(ခ) အလုပ်သမားများ၏ သားသမီးများ ပညာသင်ပိုင်ခွင့်။

(၅) မီးဖွါးသည့်အခါရပိုင်ခွင့်။

(က) မီးဖွါးရန် ခွင့်ရက်သတ်မှတ်ရေး။
(ခ) မီးဖွါးခွင့်ရက်ယူသည့်အခါ ရနိုင်သည့်လုပ်ခသတ်မှတ်ရေး။
(ဂ) မီးဖွါးသည့်အခါဆေးဝါးကုသခွင့်သတ်မှတ်ရေး။

(၆) နာမကျန်းဖြစ်သည့်အခါ လုံခြုံမှုရပိုင်ခွင့်။

(က) နာမကျန်းဖြစ်လျှင် ရနိုင်သည့်ခွင့်ရက်သတ်မှတ်ရေး။
(ခ) နာမကျန်းဖြစ်၍ ခွင့်ရက်ယူသည့်အခါ ရနိုင်သည့်လုပ်ခ သတ်မှတ်ရေး။
(ဂ) နာမကျန်းဖြစ်သည့်အခါ ဆေးဝါးကုသခွင့် သတ်မှတ်ရေး။

(၇) အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေးရပိုင်ခွင့်။

(က) ထိခိုက်ဒဏ်ရာရရှိသည့်အတွက် ခွင့်ရက်သတ်မှတ်ရေး။
(ခ) ထိခိုက်ဒဏ်ရာရရှိ၍ ခွင့်နှင့်နေသည့်ကာလအတွင်း လုပ်ခသတ်မှတ်ရေး။
(ဂ) ထိခိုက်ဒဏ်ရာရရှိသည့်အတွက် ဆေးဝါးကုသရန်သတ်မှတ်ရေး။
(ဃ) ထိခိုက်ဒဏ်ရာ ရရှိသည့်အတွက် လျော်ကြေးသတ်မှတ်ရေး။

(၈) အခြားအကြောင်း များကြောင့် အလုပ်မလုပ်နိုင်သည့်အခါ လုံခြုံမှုရပိုင်ခွင့်။

(၉) အိုမင်းမစွမ်းသည့်အခါ လုံခြုံမှုရပိုင်ခွင့်။

(က) ပင်စင်သတ်မှတ်ရေး။
(ခ) လူကြီးစခန်းများဖွင့်လှစ်ရေး။

(၁၀) လုပ်အား၊ အတတ်ပညာနှင့်လျော်ညီစွာမျှတသော လုပ်ခရပိုင်ခွင့်။

(က) လုပ်ခသတ်မှတ်ရေး။

(၁၁) နေထိုင်စားသောက်မှု အဆင့်အတန်းမှန်မှန် တိုးတက်ရပိုင်ခွင့်။

(က) သက်သာချောင်ချိရေးလုပ်ငန်းများ။

(၁၂) ယဉ်ကျေးမှု အဆင့်အတန်းမှန်မှန် ကိုးတက်ရပိုင်ခွင့်။

(က) ယဉ်ကျေးမှုလုပ်ငန်းများ။

(၁၃) အမျိုးသား၊ အမျိုးသမီးတန်းတူရပိုင်ခွင့်။

(၁၄) အလုပ်ခွင်သာယာရေး။

(က) ကျန်းမာသန့်ရှင်းမှုပြည့်စုံစေရေး။
(ခ) ဘေးအန္တရာယ်ကင်းရှင်းရေး။
(ဂ) အလုပ်သမားများသက်သာချောင်ချိရေး။
(ဃ) မတော်တဆထိခိုက်ဒဏ်ရာရမှုများအတွက် သူနာပြုနိုင်ရေး။
(င) မီးဘေးကာကွယ်ရေး။

၆။ ။ပြည်သူ့အလုပ်သမားတိုင်းတွင် ရပိုင်ခွင့်များ ရှိသကဲ့သို့ထမ်းဆောင်ရန် တာဝန်များလည်းရှိသည်။ အထူးသဖြင့် အောက်ပါ တာဝန်များကို ထမ်းဆောင်နိုင်စေရန်အတွက် အစိုးရက လိုအပ်သောနည်းဥပဒေများ၊ စည်းကမ်းဥပဒေများနှင့် ညွှန်ကြားချက်များကို ပြဋ္ဌာန်းပေးရမည်။

**ပြည်သူ့အလုပ်သမားများ၏တာဝန်များ။**

(၁) ဆိုရှယ်လစ်စည်းကမ်းထိန်းသိမ်းမှုတာဝန်။

(က) သာမန်ရပ်ရွာစည်းကမ်း။
(ခ) ပြည်သူ့အလုပ်သမားကောင်စီ၏စည်းကမ်း။
(ဂ) လုပ်ငန်းခွင်စည်းကမ်း။
(ဃ) တရားဥပဒေစောင့်ထိန်းရန်စည်းကမ်း။

(၂) ပြည်သူပိုင်၊ သမဝါယမပိုင်နှင့်ပုဂ္ဂလိကပိုင် ကုန်ထုတ် အရင်းအနှီးနှင့် ကိရိယာများ၊ ပြည်သူပိုင်နှင့် သမဝါယမပိုင် ကုန်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်။

(က) မပျက်စီးအောင်ထိန်းသိမ်းရန်။
(ခ) မပျောက်အောင်ထိန်းသိမ်းရန်။
(ဂ) မလေလွင့်ရအောင်ထိန်းသိမ်းရန်။

(၃) ပြည်သူ့အလုပ်သမားတို့၏ ထုတ်လုပ်ရေးစွမ်းအား တိုးတက်ရေးနှင့် ပတ်သက်သည့်တာဝန်။

(က) ကျွမ်းကျင်မှုတိုးတက်ရေး။
(ခ) လုပ်ခွင်အစီအစဉ်ကောင်းမွန်ရေး။
(ဂ) စိတ်ဓါတ်တက်ကြွစွာလုပ်ကိုင်ရေး။
(ဃ) တီထွင်ကြံဆနိုင်ရေး။
(င) အချင်းချင်းထံမှ ကောင်းသည့်ပညာကို အတုယူ၍၊ မကောင်းသည်တို့ပြုပြင်ပေးရေး။

(၄) ပြည်သူ့အလုပ်သမားတို့၏ ရပိုင်ခွင့်များနှင့် ပတ်သက်သည့်တာဝန်။

(က) ဥပဒေအရ ခွင့်ပြုထားသော ရပိုင်ခွင့်များနှင့် သမဝါယမပိုင် နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက်ဖြင့် ရရှိထားသော ရပိုင်ခွင့်များကို ပြည်သူ့ အလုပ်သမားတိုင်းရရှိစေရန်။

(ခ) တိုးပွါးလာရန်လိုအပ်သည့် ရပိုင်ခွင့်များနှင့်ပတ်သက်၍ စံနစ်တကျ ဆွေးနွေးတောင်းဆိုရန်။

(၅) ပြည်သူ့အလုပ်သမားတို့၏ ညီညွတ်ရေးနှင့် ပတ်သက်သည့် တာဝန်။

(က) အလုပ်ဌာနတခုအတွင်း၊ ဒေသတခုအတွင်း၊ မြို့နယ်တခုအတွင်း၊ တိုင်းပြည်အတွင်းရှိ ပြည်သူ့အလုပ်သမားအားလုံးညီညွတ်ရေး။

(ခ) အလုပ်သမားနှင့် တောင်သူလယ်သမားညီညွတ်ရေး။

(ဂ) ပြည်သူလူထုတရပ်လုံး၏ညီညွတ်ရေး။

(၆) ဆိုရှယ်လစ်စီမံကိန်းနှင့်ပတ်သက်သည့်တာဝန်။

(က) ဆိုရှယ်လစ်စီမံကိန်းတရပ်လုံးအောင်မြင်ရေး။

(ခ) မြို့နယ်အလိုက်စီမံကိန်းအောင်မြင်ရေး။

(ဂ) အလုပ်ဌာနအလိုက်ဒီမံကိန်းအောင်မြင်ရေး။

## အခန်း ၃။

## ဝါဏိဇ္ဇပဋိပက္ခများ။

ဝါဏိဇ္ဇပဋိပက္ခများ။

၇။ ။ဝါဏိဇ္ဇပဋိပက္ခများနှင့် ပတ်သက်၍ အောက်ပါ နည်းအားဖြင့် ဖြေရှင်းပေးရန် အစိုးရက နည်းဥပဒေဖြင့် ပြဋ္ဌာန်းပေးရမည်။

(က) နိုင်ငံပိုင်လုပ်ငန်းများ တွင် သက်ဆိုင်ရာအလုပ်ရှင်နှင့် ပြည်သူ့အလုပ်သမားကောင်စီတို့ ဆွေးနွေးညှိနှိုင်းသသောတူညီချက် ရယူသည့်နည်း။ ယင်းနည်းနှင့် မပြေလည်လျှင် အလုပ်ရှင်နှင့် ပြည်သူ့ အလုပ်သမားကောင်စီတို့၏ အထက်အဆင့်ဆင့်တွင် ဆွေးနွေးညှိနှိုင်းသဘောတူညီမှု ရယူသည့်နည်းဖြင့် ဖြေရှင်းရမည်။ ယင်းနည်းဖြင့်ပင် မပြေလည်လျှင် တော်လှန်ရေးကောင်စီက အဆုံးသတ်ဖြေရှင်းပေးရမည်။

(ခ) သမဝါယမပိုင်လုပ်ငန်းများ တွင် သက်ဆိုင်ရာ အလုပ်ရှင်နှင့် ပြည်သူ့ အလုပ်သမားကောင်စီတို့ ဆွေးနွေးညှိနှိုင်းသဘောတူညီချက် ရယူသည့်နည်း။ ယင်းနည်းဖြင့် မပြေလည်လျှင် တော်လှန်ရေးကောင်စီက ဥပဒေအရ ဖွဲ့စည်းပေးသော အဖွဲ့အစည်းက ဖြေရှင်းပေးရမည်။

(ဂ) ပုဂ္ဂလိကပိုင်လုပ်ငန်းများ တွင် သက်ဆိုင်ရာ အလုပ်ရှင်နှင့် ပြည်သူ့အလုပ်သမားကောင်စီတို့ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ရယူသည့်နည်း။ ယင်းနည်းဖြင့် မပြေလည်လျှင် တော်လှန်ရေးကောင်စီက ဥပဒေအရ ဖွဲ့စည်းပေးသော အဖွဲ့အစည်းက ဖြေရှင်းပေးရမည်။

## အခန်း ၄။

## လုပ်ငန်းစီမံလုပ်ဆောင်မှုတွင် ပြည်သူ့အလုပ်သမားများ ပါဝင်နိုင်ခွင့်။

**လုပ်ငန်းစီမံလုပ်ဆောင်မှုတွင် ပြည်သူ့အလုပ် သမားများ ပါဝင်နိုင်ခွင့်။**

၈။ ပြည်သူပိုင်လုပ်ငန်း၊ သမဝါယမပိုင်လုပ်ငန်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် လုပ်ငန်း စီမံလုပ်ဆောင်မှုနှင့် ပတ်သက်၍ အလုပ်ရှင်နှင့် ပြည်သူ့အလုပ်သမားကောင်စီတို့ မည်သို့ ညှိနှိုင်းစီစဉ်ရမည်ကို အစိုးရက နည်းဥပဒေဖြင့် ပြဋ္ဌာန်းပေးရမည်။

## အခန်း ၅။

## ပြည်သူ့အလုပ်သမားကောင်စီထူထောင်ရေး။

**ပြည်သူ့ အလုပ်သမား ကောင်စီ။**

၉။ ပြည်သူ့အလုပ်သမားတရပ်လုံး လူမျိုးခွဲခြားခြင်း၊ ဘာသာ ခွဲခြားခြင်း၊ အယူဝါဒခွဲခြားခြင်း၊ ဂိုဏ်းဂဏ ခွဲခြားခြင်းမရှိဘဲ၊ တစည်းတလုံးတည်း မိမိစိတ်တိုင်းကျ ပါဝင်နိုင်၍၊ ပြည်သူ့အလုပ်သမားတို့ ကိုယ်ပိုင် အဖွဲ့အစည်းတရပ်အနေဖြင့် ပြည်သူ့အလုပ်သမားကောင်စီကို ဖွဲ့စည်းနိုင်ရန်အတွက် အစိုးရက နည်းဥပဒေ ပြဋ္ဌာန်းပေးရမည်။

## အခန်း ၆။

## အလုပ်သမားလုပ်ငန်းဌာန။

**အလုပ်သမား လုပ်ငန်းဌာန၏ တာဝန် ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ။**

၁၀။ တော်လှန်ရေးအစိုးရ၏အလုပ်သမား လုပ်ငန်းဌာန၏တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များအတွက် အစိုးရက နည်းဥပဒေ ပြဋ္ဌာန်းပေးရမည်။

## အခန်း ၇။

## ပြစ်ဒဏ်များ။

**ပြစ်ဒဏ်များ။**

၁၁။ ဤဥပဒေ၊ ဤဥပဒေအရ ပြဋ္ဌာန်းသည့်နည်းဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် ညွှန်ကြားချက်နှင့် အမိန့်များကို ဆန့်ကျင်ဖေါက်ဖျက်သူသည်—

(က) အလုပ်သမားဖြစ်လျှင် အလုပ်ဖြုတ်ခံရသည့်ပြစ်ဒဏ်အပြင် သာမန်တလစာလုပ်ခ၏ ထက်ဝက်ထက်မပိုသော ငွေဒဏ်ကို သော်၎င်း၊

(ခ) ပုဂ္ဂလိကပိုင် လုပ်ငန်းတွင် အလုပ်ရှင်၊ သို့မဟုတ် မန်နေဂျာ၊ သို့မဟုတ် အုပ်ချုပ်သူဖြစ်လျှင် ၂ နှစ်အထိ ထောင်ဒဏ်ကိုသော်၎င်း၊

(ဂ) သမဝါယမပိုင်လုပ်ငန်းတွင် အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် လုပ်ငန်းအုပ်ချုပ်သူဖြစ်လျှင် လုပ်ငန်းမှ အလုပ်ရပ်စဲခြင်းခံရသည့် ပြစ်ဒဏ်အပြင် ၂ နှစ်အထိ ထောင်ဒဏ်ကိုသော်၎င်း၊

(ဃ) ပြည်သူပိုင်လုပ်ငန်းတွင် အုပ်ချုပ်သူဖြစ်လျှင် အလုပ်ရပ်စဲခြင်း ခံရသည့် ပြစ်ဒဏ်အပြင် ၂ နှစ်အထိ ထောင်ဒဏ်ကိုသော်၎င်း

ကျခံရမည်။

## အခန်း ဂ။

### အထွေထွေ။

တည်ဆဲဥပဒေများ။

၁၂။ ။ဤဥပဒေအရ၊ နည်းဥပဒေများဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်းမပြုမီ အောက်ဖော်ပြပါဥပဒေများ၏ပြဋ္ဌာန်းချက်များကိုဤဥပဒေအရပြုလုပ်ထားသည့်နည်းဥပဒေများအဖြစ် မှတ်ယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။ ထို့ပြင် ယင်းဥပဒေများတွင်ပါသော ပြဋ္ဌာန်းချက်များသည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် သဘောထားများနှင့် မဆန့်ကျင်သမျှသာလျှင် ဆက်လက် အတည်ဖြစ်စေရမည်။

(၁) အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေးအက်ဥပဒေ။
(၂) အလုပ်ခန့်ထားမှု ကန့်သတ်ရေး အက်ဥပဒေ။
(၃) The Apprentices Act (အလုပ်သင်အက်ဥပဒေ)။
(၄) The Children (Pledging of Labour) Act (ကလေး သူငယ်များ ခိုင်းစေခြင်းနှင့် ပတ်သက်သည့် အက်ဥပဒေ)။
(၅) The Dock Workers (Regulation of Employment) Act (ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေ)။
(၆) The Emigration Act (ပြည်ပသွားလာမှုအက်ဥပဒေ)။
(၇) The Dock Labourers Act (ဆိပ်ကမ်း အလုပ်သမားများ အက်ဥပဒေ)။
(၈) The Mines Act (သတ္တုတွင်းအက်ဥပဒေ)။
(၉) The Oilfields Act (ရေနံမြေအက်ဥပဒေ)။
(၁၀) ရေနံမြေ (အလုပ်သမားနှင့်သက်သာချောင်ချိရေး) အက်ဥပဒေ။
(၁၁) အလုပ်ရုံများအက်ဥပဒေ။
(၁၂) The Payment of Wages Act (လုပ်ခပေးရေးအက်ဥပဒေ)။
(၁၃) လယ်ယာအလုပ်သမားအနည်းဆုံးအခကြေးငွေအက်ဥပဒေ။
(၁၄) အနည်းဆုံးအခကြေးငွေအက်ဥပဒေ။
(၁၅) ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ။
(၁၆) ဆိုင်များနှင့်အလုပ်ဌာနများအက်ဥပဒေ။

(၁၇) The Workmen's Compensation Act (အလုပ်သမားလျော်ကြေး အက်ဥပဒေ)။

(၁၈) လူမှုဖူလုံရေးအက်ဥပဒေ။

(၁၉) The Trade Disputes Act (ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေ)။

(၂၀) The Trade Unions Act (အလုပ်သမား အစည်းအရုံးများအက် ဥပဒေ)။

(၂၁) အလုပ်အကိုင်ဆိုင်ရာစာရင်းစစ်တမ်းယူခြင်းအက်ဥပဒေ။

၁၃။ ။အောက်ပါအက်ဥပဒေများနှင့် အမိန့်များနှင့် အခြားအက်ဥပဒေများနှင့် အမိန့်များရှိ အလုပ်သမားရေးရာကိစ္စနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များကို ဤဥပဒေအရပြုလုပ်မည့် နည်းဥပဒေအဖြစ်မှတ်ယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

(၁) The Railways Act (မီးရထားအက်ဥပဒေ)။

(၂) The Inland Steam Vessels Act (ပြည်တွင်း ရေကြောင်းယာဉ်များ အက်ဥပဒေ)။

(၃) The Burma Air-craft Act (မြန်မာနိုင်ငံ လေယာဉ် အက်ဥပဒေ)။

(၄) The Burma Merchant Shipping Act (မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘော အက်ဥပဒေ)။

(၅) The Ports Act (ဆိပ်ကမ်းများ အက်ဥပဒေ)။

(၆) The Rangoon Port Act (ရန်ကုန်ဆိပ်ကမ်း အက်ဥပဒေ)။

(၇) The Outports Act (နယ်ဆိပ်ကမ်း အက်ဥပဒေ)။

(၈) The Pilots Act (ရေကြောင်းပြများ အက်ဥပဒေ)။

(၉) The Burma Lighthouse Act (မြန်မာနိုင်ငံ မီးပြတိုက်များ အက်ဥပဒေ)။

နည်းဥပဒေ၊ ညွှန်ကြားချက်၊ အမိန့်ထုတ်ပိုင်ခွင့်။

၁၄။ ။ဤဥပဒေပါ ရည်ရွယ်ချက်များကို အထမြောက်စေရန်အတွက် အစိုးရသည် နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် အမိန့်များကို ထုတ်ပြန်နိုင်သည်။

အာဏာလွှဲခွင့်။

၁၅။ ။အစိုးရသည်၊ဤဥပဒေနှင့် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ ညွှန်ကြားချက်နှင့် အမိန့်များကို အဖွဲ့အစည်းတခု၊ သို့မဟုတ် ပုဂ္ဂိုလ်တဦးအား လွှဲအပ်၍ သုံးစွဲစေနိုင်သည်၊ ဤဥပဒေပုဒ်မ ၁၂ တွင် ဖော်ပြသော တည်ဆဲဥပဒေများ၏ ပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် သဘောထားများနှင့် ဆန့်ကျင်သည်၊မဆန့်ကျင်သည်ကို ဆုံးဖြတ်နိုင်ရန်ကိုလည်း ယင်းအဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်အားလွှဲအပ်နိုင်သည်။

စာရင်းအင်း။

၁၆။ ။ဤဥပဒေပါ ရည်ရွယ်ချက်များကို အထမြောက်စေရန်အတွက် အစိုးရသည် လိုအပ်သည့် စာရင်းအင်းများကို ကောက်ယူနိုင်သည်။